
[illegible]
Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

ဩဂုတ်လ ၁၀ရက်၊ ၂၀၂၆ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊
## ဇူလိုင်လ ၁-၃၁ ရက်နေ့ထိ၊၂၀၂၆ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖဖော်ဝါရီလ ၁ရက်- ၂၀၂၁ မှ ဇွန်လ- ၃၀ရက်၊ ၂၀၂၆ | ဇူလိုင်လ ၁- ၃၁ရက်၊ ၂၀၂၆ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၇၄၂ | ၃ | ၇၄၅ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၉၂ | | ၅၉၂ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၁၀၁၈ | ၅ | ၁၀၂၃ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၈၆ | ၅ | ၁၅၉၁ |
| | ဒီးမော့ဆိုမြို့နယ် | ၇၂၁ | | ၇၂၁ |
| | မယ်စဲ့မြို့နယ် | ၃၇ | | ၃၇ |
| | ဖယ်ခုံမြို့နယ် | ၈၅၆ | | ၈၅၆ |
| | ဖရူဆိုမြို့နယ် | ၂၇၃ | | ၂၇၃ |
| | ဘောလခဲမြို့နယ် | ၃၅ | | ၃၅ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၉၈ | | ၁၉၈ |

# စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဇူလိုင်လ ၁- ၃၁ ရက်နေ့ထိ၊ ၂၀၂၆



စစ်ကောင်စီ၏ ပစ်ခတ်မှု၊ လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများကြောင့် ဖားဆောင်း၊ ဖရူဆို၊ နှင့် လွိုင်ကော်မြို့နယ်များတွင် အရပ်သားသုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိ

ဇွန်လိုင်လ အတွင်း စစ်ကောင်စီမှ ထိန်းချုပ်ထားသော ဒီးမော့ဆို-ဖရူဆိုမြို့ကြားရှိ ပြည်ထောင်စု လမ်းမကြီး တစ်လျှောက်လုံးကို ဒရုန်းဖြင့် ကင်းထောက်မှုများ တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ ဇွန်လိုင်လနောက်ဆုံးအပတ်တွင် ဒီမော့ဆိုမြို့အနောက်ခြမ်း၊ ဒေါင်ခါးရွာနှင့် ရှမ်း-ကရင်နီနယ်စပ် မိုးဗြဲမြို့အနောက်ဘက်ပိုင်းရှိ ကျေးရွာများအနီးသို့ စစ်ကောင်စီတပ်နှင့် ၎င်း၏မိတ်ဖက် ပအိုဝ့်ပြည်သူ့စစ် PNOတပ်များ စစ်ကြောင်းထိုးလာသောကြောင့် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ပြည်သူများထပ်မံ တိမ်းရှောင်ကြရသည်။ နယ်မြေစစ်ရေးအခြေအနေကြောင့် မိုးဗြဲမြို့အနောက်ဘက်ခြမ်းရှိ လွယ်ယင်းတောင်ခြေ၊ လွယ်ဝိုင်းနှင့် ခေါင်းစံလမ်းများကို လုံခြုံရေးအရအသုံးမပြုဖို့ကိုလည်း တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များမှ အသိပေးထားသည်။ ဇွန်လိုင်လအတွင်း စစ်ကောင်စီ၏ သေနတ်ဖြင့်ပစ်ခတ်မှု၊ လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများကြောင့် ဖားဆောင်း၊ ဖရူဆို၊ နှင့် လွိုင်ကော်မြို့နယ်များတွင် အရပ်သားသုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်။

ဇွန်လိုင်လအ*တွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား*

ဇွန်လိုင်လ ၈ရက်၊ နေ့လည်၁၂နာရီကျော်အချိန် ဒီးမော့ဆိုမြို့အနောက်ဘက်ခြမ်းတစ်နေရာမှာ စစ်ကောင်စီတပ်၏ ကာမီကာဇေဒရုန်းတစ်စင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ပေ၁၀၀ ပတ်လည်တွင် ဗုံးစများလွင့်စင်သွားခဲ့သည်။ ထိုထိန့်လန့်စရာမြင်ကွင်းကြောင့် အနီးအနားတွင်နေထိုင်ကြသော ပြည်သူများစိုးရိမ်ပူပန်လျက်ရှိသည်။

ဇွန်လိုင်လ ၁၄ရက်တွင် လွိုင်ကော်မြို့အရှေ့ဘက်ခြမ်း၃နေရာကို စစ်ကောင်စီတပ်မှ လေကြောင်းသုံး တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အသက်၅၀ ဝန်းကျင်အရွယ်အမျိုးသမီးတစ်ဦး ဗုံးစထိမှန်သေဆုံး ခဲ့သည်။ ထိုတိုက်ခိုက်မှုအတွင်း အရပ်သားနေအိမ် ၅ လုံးနှင့် ကား (၂)စီး ထိမှန်ပျက်စီးသွားခဲ့သည်။

ဇွန်လိုင်လ ၁၅ရက် ဖရူဆိုမြို့အတွင်းရှိ လမ်းပိုင်းတစ်နေရာ၌ ဖြတ်သန်းသွားလာနေသော ပြည်သူများကို စစ်ကောင်စီတပ်မှ ဒရုန်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အသက်၄၉နှစ်အရွယ် အမျိုးသားတစ်ဦး ဗုံးစထိမှန်သေဆုံးခဲ့ပြီး ကျန်တစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဇွန်လိုင်လ ၁၆ရက်၊ မွန်းလွဲ၃နာရီကျော်အချိန် ဖားဆောင်းမြို့ရှိ နေရာတစ်နေရာကို စစ်ကောင်စီတပ်မှ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အသက်၂၀အရွယ်အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာ ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် သိန်းပေါင်း၁၇၀၀ကျော်တန်ဖိုးရှိသော ကားတစ်စီး၊ လှေတစ်စီးနှင့် ကုန်ပစ္စည်းများစွာလည်း ပျက်စီးဆုံးရှုံးခဲ့သည်။

ဇွန်လိုင်လ ၂၁ရက်၊ ဖရူဆိုမြို့နယ်အတွင်းရှိ နေရာတစ်နေရာတွင် နွားကျောင်းနေသောစစ်ရှောင်ပြည်သူနှစ်ဦးကို စစ်ကောင်စီတပ်မှလိုက်လံဖမ်းဆီးပစ်ခတ်ခဲ့ရာ အသက်၁၉နှစ်အရွယ် စစ်ရှောင် အမျိုးသားတစ်ဦး၏ လက်မောင်းကျည်ထိမှန်ခဲ့ပြီး ကျန်အသက်၄၅နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။

ဇွန်လိုင်လ တတိယအပတ်မှစပြီး ရှမ်း-ကရင်နီနယ်စပ်ရှိ မိုးဗြဲမြို့အနောက်ဘက်ခြမ်း၊ လွယ်ဝိုင်း ကျေးရွာနှင့် ကျေးရွာအနီးအနားသို့ စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်မှု နှင့် ဒရုန်း ကင်းထောက်မှုများ ပိုမိုပြုလုပ်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများသည် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများကို ချန်ထားခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေကြရသည်။

ဇွန်လိုင်လအတွင်းမှာလည်း ယခင်လများကဲ့သို့ ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် တောင်ယာစိုက်ခင်းများရှိရာဖက်ကို စစ်ကောင်စီတပ်မှ ဒရုန်းဖြင့် ကင်းထောက်မှုများ၊ လက်နက်ကြီး ပစ်ခတ်မှုများ လုပ်ဆောင်လျက်ရှိသည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com